**Alliance Myanmar (မဟာမိတ် ကျန်းမာရေးစောင့်ရှောက်မှု့အဖွဲ့) ၏ အကျဉ်းချုံးနောက်ခံသမိုင်းအကြောင်း**

Alliance Myanmar (မဟာမိတ် ကျန်းမာရေးစောင့်ရှောက်မှု့အဖွဲ့) သည် ၂၀၀၄ ခုနှစ်ကစတင်၍ International HIV/AIDS Alliance အဖွဲ့ အဖြစ် မြန်မာပြည်တွင် ရပ်ရွာအခြေစိုက်အဖွဲ့အစည်းများ၊ လူထုအခြေပြု ကိုယ်ထူကိုယ်ထ အဖွဲ့များ အား စွမ်းဆောင်ရည်များအား တိုးမြှင့်တည်ဆောက်ပေးရန်၊ ထိရောက်သော HIV ကာကွယ်ရေး ၊ပြုစုကုသရေး နှင့်လိုအပ်သော အထောက်အပံများ ပေးနိုင်သောစီမံကိန်းများကောင်းမွန်စွာအကောင်အထည်ဖေါ်နိုင်သည့် အဖွဲ့များ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ စတင်ထူထောင်ဖွဲ့စည်းခဲ့ပါသည်။ (၂၀၁၇) ခုနှစ်တွင်ပြည်တွင်းအဖွဲ့အစည်း အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး၊ Alliance Myanmar သည် ထိခိုက်လွယ်သောဦးတည်အုပ်စုများ အပေါ်ခွဲခြားဆက်ဆံမှုများလျှော့ချရေး စီမံကိန်းများ၊ တီဘီဝန်ဆောင်မှုများစီမံကိန်းများ၊ မိခင် နှင့် ကလေး ကျန်းမာရေးကာကွယ်စောင့်ရှောက်ရေး နှင့် လိင် နှင့်မျိုးဆက်ပွားကျန်းမာရေး ပညာပေးစီမံကိန်းများ ကိုတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**စီမံချက်အကြောင်းအရာ**

Alliance Myanmar သည် Global Fund (GF) ၏ ရံပုံငွေဖြင့် ၂၀၂၃ ခုနှစ်အတွက် HIV ကာကွယ်ရေး၊ သွေးစစ်ဆေးခြင်းဆိုင်ရာဝန်ဆောင်မှုများ၊ ပြုစုစောင့်ရှောက်ရေး နှင့် တီဘီဝန်ဆောင်မှုများ နှင့် သက်ဆိုင်သော လုပ်ငန်းများကို ထိခိုက်လွယ်သော ဦးတည်အုပ်စုများ ဖြစ်သည့်(MSMs, SWs, PWIDs နှင့် OVP) အတွက် ရန်ကုန်၊ မန လေး ၊ ကျောက်ပန်းတောင်း ၊ စစ်ကိုင်း၊ မုံရွာ၊ မကွေး၊ ပြည်၊ လားရှိုး၊ လှိုင်လင်၊ မိုးကောင်း၊ မိုးညှင်း၊ ထားဝယ် နှင့် မော်လမြိုင် မြို့နယ်များတွင်ဒေသခံ ရပ်ရွာလူထုအခြေပြု အဖွဲ့များ (Local Community Based Organizations) နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိပါသည်။ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁) အမျိုးသားခြင်းချစ်ခင်စုံမက်သူများ (MSMs) ၊ လိင်လုပ်ငန်းဖြင့် အသက်မွေးသော အမျိုးသမီးများ (SWs) နှင့်  အခြားထိခိုက်လွယ်သော အုပ်စုများ (OVP) အတွက်

- HIV၊ ကာလသား၊ တီဘီ အစရှိသည့် ပညာပေး အကြောင်းအရာများကို ဘဝတူပညာပေးခြင်းနည်းဗျူဟာဖြင့် အချင်းချင်းပညာပေးခြင်း (သို့) အဖွဲ့လိုက်ပညာပေးခြင်း၊
- ကွန်ဒုံးများ နှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း
- စုရပ်နေရာအသစ်များအား ရှာဖွေစုံစမ်းခြင်း ၊
- HIV နှင့် ကာလသားပိုးစစ်ဆေး၊ ကုသနိုင် သော နေရာများသို့လိုက်လံပို့ဆောင်ပေးခြင်း ၊
- တီဘီ နှင့် သက်ဆိုင်သော ပညာပေးခြင်း၊ ပိုးစစ်ဆေးနိုင်သော နေရာများသို့လိုက်လံပို့ဆောင်ပေးခြင်း၊
- နှစ်သိမ့်ဆွေးနွေးပေးခြင်း ၊
- ART (သို့) တီဘီဆေးရရှိအောင်လိုက်ပါဆောင်ရွက်ပေးခြင်း ၊
- လိုအပ်ပါက အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ပေးခြင်း၊

၂) မူးယစ်ဆေးဝါးအကြောထဲထိုးသွင်းသုံးစွဲသူများ (PWIDs) အတွက်

- ဘဝတူပညာပေးခြင်းနည်းဗျူဟာဖြင့် အချင်းချင်းပညာပေးခြင်း (သို့) အဖွဲ့လိုက်ပညာပေးခြင်း
- စုရပ်နေရာအသစ်များအား ရှာဖွေစုံစမ်းခြင်း ၊
- HIV နှင့် ကာလသားပိုးစစ်ဆေးနိုင်သော နေရာများသို့လိုက်လံပို့ဆောင်ပေးခြင်း ၊
- ဆေးထိုးအပ်များဖြန့်ဝေခြင်းနှင့် ပြန်လည်သိမ်းဆည်းခြင်း၊
- ကွန်ဒုံးများ နှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း
- MMT ပေးနိုင်သော နေရာများသို့ လွှဲပို့ပေးခြင်း (သို့)  လိုက်လံပို့ဆောင်ပေးခြင်း၊
- တီဘီ နှင့် သက်ဆိုင်သော ပညာပေးခြင်း၊ ပိုးစစ်ဆေးနိုင်သော နေရာများသို့လိုက်လံပို့ဆောင်ပေးခြင်း၊
- နှစ်သိမ့်ဆွေးနွေးပေးခြင်း ၊
- ART (သို့ ) တီဘီဆေးရရှိအောင်လိုက်ပါဆောင်ရွက်ပေးခြင်း ၊
- လိုအပ်ပါက အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ပေးခြင်း၊

အထက်ဖော်ပြပါ လုပ်ငန်းများအား Alliance Myanmar သည် ရပ်ရွာလူထုအခြေပြု အဖွဲ့များ နှင့် ချိတ်ဆက်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းများလုပ်ဆောင်ရန် အတွက် စိတ်ပါဝင်စားသော အဖွဲ့သစ်များ (သို့) လက်ရှိ Alliance Myanmar နှင့် လက်ရှိ မိတ်ဖက်လုပ်ဆောင်နေသော အဖွဲ့များအား အဆိုပြုလျှောက်လွှာ (proposal and budget) များ ပေးပို့ပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။ ပေးပို့ရမည့်အဆိုပြုလျှောက်လွှာ (proposal and budget) အတွက် သတ်မှတ်ထားသော ပုံစံ (Format) ကိုလည်း ပူးတွဲဖော်ပြထားပါသည်။

မိတ်ဖက်အဖွဲ့အစည်းများ အနေနှင့် အထက်ဖော်ပြပါ ၂၀၂၃ ခုနှစ် စီမံချက်များ လုပ်ဆောင်နိုင်ရန်အတွက် မိမိတို့ဂန်ဆောင်မှု ပေးမည့်ဦးတည်အုပ်စု (သို့) တစ်အုပ်စုထက်ပို၍လျှောက်ထားနိုင်ပါသည်။ သို့ဖြစ်ပါ၍ပေးပို့မည့် အဆိုပြုလျှောက်လွှာ (Narrative proposal) ပုံစံ၊ လျာထားချက် ဦးရေ (Target) နှင့် လုပ်ငန်းစဉ်များ ပေါ်အခြေခံ ၍ ခန့်မှန်းဘတ်ဂျက် (budget estimate)၊ လုပ်ငန်းစဉ်အစီအစဉ် များအား **၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍** သက်ဆိုင်ရာ Programme Officer များ (သို့) လူစွမ်းအားအရင်းအမြစ် ဌါန ahso.alliance@gmail.com သို့ E-mail ဖြင့်ဖြစ်စေ၊ စာတိုက်မှတဆင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ **Alliance မြန်မာရုံးအမှတ် ၂၄၊ လှိုင်ဂုတနာမွန် (၂) လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ ပေးပို့ရပါမည်။

ပေးပို့ထားသော အဆိုပြုလျှောက်လွှာ (Proposals) များကို ဒီဇင်ဘာလ ၁၀ ရက်နေ့နောက်ပိုင်းတွင် သုံးသပ်၍ ၂၀၂၃ အတွက် မိတ်ဖက်ပြုလုပ်မည်အဖွဲ့များအား ရွေးချယ်စီစစ်ပြီး ရွေးချယ်ခံရသောမိတ်ဖက်အဖွဲ့များကို အကြောင်းကြားသွားမည်ဖြစ်ပြီး Grant negotiation (ရံပုံငွေများကိုညှိနှိုင်းခြင်း) များပြုလုပ်မည်ဖြစ်၍သတ်မှတ်ထားသော အချိန်အတွင်း ပေးပို့ပေးပါရန် လိုအပ်ပါကြောင်း တောင်းဆိုအပ်ပါသည်။

အဆိုပြုလျှောက်လွှာတင်ရန်အတွက် လိုအပ်သောအကူအညီများ နှင့် မေးမြန်းလိုသည်များအား သက်ဆိုင်ရာ Programme Officer များ (သို့) Programme Coordinator (HIV) <pm.aidsalliance@gmail.com> ထံသို့ Email ဖြင့်ဖြစ်စေ၊ 09 43152184 (Ext: 221) ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။